ပြည်သူ့လွှတ်တော်ရုံး

သုတေသနဌာန

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်

# မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများအား UNESCO ဝင်ရန် ဆောင်ရွက်နေမှုကိုလေ့လာခြင်း

**အကျဉ်းချုပ်**

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအမွေအနှစ်များ ပေါများလှသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ထိုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် နိုင်ငံတော်အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤစာတမ်းတိုတွင် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရသော မြို့ဟောင်းများစာရင်းပြုစုခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် ဥပဒေများပြင်ဆင်ခြင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အဆိုပြုတင်သွင်းခြင်း၊ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(The United Nations Educational, Scientific and Cultural Organization– UNESCO) ကမ္ဘာလုံးဆိုင်ရာ စံချိန်စံနှုန်းများ သတ်မှတ်ထားရှိခြင်း စသည်တို့ကို အကျယ်တဝင့် ဖော်ပြထားသကဲ့သို့ UNESCO စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရပါက ရရှိမည့်အကျိုးကျေးဇူးများနှင့်စိန်ခေါ်မှုများ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ထိန်းသိမ်းထားရှိသည့် ယဉ်ကျေးမှုအမွေအနှစ်ဇုန်များဆိုင်ရာအချက်အလက်များ၊ နိုင်ငံတစ်ချို့မှ UNESCO စာရင်းဝင်သည့် ယဉ်ကျေးမှုအမွေအနှစ်နယ်မြေအချို့ကိုလည်း လေ့လာသိရှိနိုင်ရန် စုစည်း၍ ရေးသားပြုစုထားပါသည်။

သုတေသနစာတမ်းတိုအမှတ်စဉ် ( ၁၁၂ )

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁။ နိဒါန်း.......................................................................................................................၃

၂။ ရည်ရွယ်ချက်..................................................................................................................၃

၃။ အချက်အလက်များဖော်ပြမှုနည်းနာနိဿယများ ................................................................၄

၄။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်းခဲ့ပုံနှင့် အဓိပ္ပါယ် ဖွင့်ဆို
ချက်အချို့........................................................................................................................၄

၅။ ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းမှုစတင်ခြင်းနှင့် ကမ္ဘာ့အမွေအနှစ်ရွေးချယ်ရေးစံသတ်မှတ်ချက်များ ..၆

၆။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်များ ...............၈

၇။ မြန်မာနိုင်ငံမှ UNESCO အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ခြင်းနှင့်အဆိုပြုဒေသများ ..........................၉

၈။ UNESCO နှင့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်အမျိုးအစားများ.................................... ၁၀

၉။ မြန်မာနိုင်ငံ၏ ကမ္ဘာ့အမွေအနှစ် (World Heritage) စာရင်းဝင်များ....................................... ၁၁

၁၀။ မြန်မာနိုင်ငံ၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) စာရင်းဝင်များ .............၁၂

၁၁။ မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန်ကြိုးပမ်းမှုများ.......................................၁၃

၁၂။ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ထိန်းသိမ်းထားရှိသည့်ယဉ်ကျေးမှုအမွေ
အနှစ်ဇုန်များ ................................................................................................................... ၁၅

၁၃။ UNESCO မှ အသိမှတ်ပြုခံရပါက ရရှိမည့်အကျိုးကျေးဇူးများ ............................................. ၁၈

၁၄။ UNESCO စာရင်းဝင်သော်လည်း အခက်အခဲများနှင့်စိန်ခေါ်မှုများ ....................................... ၁၉

၁၅။ နိုင်ငံအချို့၏ UNESCO စာရင်းဝင်များ.........................................................................၂၀

၁၆။ နိဂုံး ..........................................................................................................................၂၂

## နိဒါန်း

၁။ နိုင်ငံအသီးသီးတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များ များစွာရှိကြပါသည်။ မိမိနိုင်ငံ၏အမွေအနှစ်များကိုဖော်ထုတ်၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် ဆောင်ရွက်ကြရာတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ကို လေ့လာ၍ ၎င်းနိုင်ငံ၏သမိုင်းယဉ်ကျေးမှု၊ မြို့ပြယဉ်ကျေးမှု၊ အနုပညာလက်ရာထွန်းကားမှု၊ သက်တမ်းရှည်ကြာမှုကို ခန့်မှန်းနိုင်ပါသည်။ မိမိနိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်များကို အမျိုးသား အဆင့်ယဉ်ကျေးမှုအမွေအနှစ်စာရင်းမှ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် သတ်မှတ် ခံရလျှင် မိမိနိုင်ငံအတွက် ဂုဏ်ယူစရာကောင်းသကဲ့သို့ တစ်ကမ္ဘာလုံးမှလည်း လေးစားတန်ဖိုးထား လာမည်ဖြစ်ပါသည်။

၂။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ပျူမြို့ဟောင်းသုံးမြို့သည် ပထမဆုံးကမ္ဘာ့အမွေအနှစ် UNESCO စာရင်းဝင်ခဲ့ပြီး ၆-၇-၂၀၁၉ တွင် ဒုတိယအကြိမ်အဖြစ်ထပ်မံ၍ ပုဂံဒေသကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် UNESCO မှ သတ်မှတ်ခဲ့ပါသည်။ ယခုအခါ မြောက်ဦးဒေသအား UNESCO စာရင်းဝင်ရန်အတွက် ကြိုးပမ်းလျက်ရှိပါသည်။ ကမ္ဘာ့အမွေအနှစ် မဝင်သေးသော ထင်ရှားကျော်ကြားသည့် ရှေးဟောင်းအမွေအနှစ် လက်ရာများကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ ဝင်ရောက်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော် အကြီးအကဲမှလည်း ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်စောင့်ရှောက်ရန် အလေးထားပြောကြားထားပါသည်။

## ရည်ရွယ်ချက်

၃။ ယခုစာတမ်းတိုအား မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် UNESCO ဝင်ရောက်မှုအခြေအနေများအား ကိုယ်စားလှယ်များသိရှိနိုင်ရန်နှင့် ရှေးဟောင်းအမွေအနှစ်စာရင်း ဝင်ရန် အခက်အခဲများ၊ စိန်ခေါ်မှုများအား သိရှိနိုင်ရန်ရည်ရွယ်၍ ရေးသားထားခြင်းဖြစ်ပါသည်။

## အချက်အလက်များဖော်ပြမှုနည်းနာနိသသယများ

၄။ စာတမ်းပါအချက်အလက်များအား နေ့စဉ်ထုတ်သတင်းစာစောင်များ၊ UNESCO website၊ ဂျာနယ်များ၊ အစိုးရဝန်ကြီးဌာန website၊ ကျွမ်းကျင်ပညာရှင်များ၏ အစီရင်ခံစာများ စသည်တို့မှ သတင်းအချက်အလက် ရယူထားခြင်းဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုအမွေအနှစ်ကို ထိတွေ့ကိုင်တွယ်၍ရသော ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်နှင့် ထိတွေ့ကိုင်တွယ်၍မရသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များတွင် အထိမ်းအမှတ်အဆောက်အအုံများ၊ အဆောက်အဦများနှင့် ရှေးဟောင်းနေရာ/ဒေသများပါဝင်ပြီး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များတွင် ကျွမ်းကျင်မှုများ၊ ရိုးရာအားကစားနည်းများ၊ လက်မှုအတတ်ပညာများ စသည်တို့ကို လက်ဆင့်ကမ်းသယ်ဆောင်လာသည့် ယဉ်ကျေးမှုအမွေအနှစ်များပါဝင်ပါသည်။

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်းခဲ့ပုံနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်အချို့

၆။ မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို (၁၀-၉-၁၉၉၈) ခုနှစ်တွင် (နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၉/၁၉၉၈) ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေကို ခေတ်စနစ်နှင့်အညီ ပြောင်းလဲပြင်ဆင်ရန် လိုအပ်သဖြင့် မူလဥပဒေကို ရုပ်သိမ်း၍ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၆/၂၀၁၉) ဖြင့်(၂၈-၂-၂၀၁၉)ခုနှစ်တွင် ပြဋ္ဌာန်းအတည်ပြုခဲ့ပါသည်။ ထိုဥပဒေအသစ်ကို ပြဋ္ဌာန်းလိုက်ခြင်းဖြင့် မိမိနိုင်ငံနှင့်လူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိထိရောက်ရောက် ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။[1]

၇။ ဥပဒေပြဋ္ဌာန်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မိမိတို့နိုင်ငံအတွင်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သည့်ယဉ်ကျေးမှုအမွေအနှစ်များကို အခွန့်ရှည်စွာတည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒများကိုမြှင့်တင်ရန်လည်းကောင်း၊ ဒေသအတွင်းယဉ်ကျေးမှု

[1] နိုင်ငံ့ယဉ်ကျေးမှုအမွေအနှစ်များ ထိထိရောက်ရောက်ထိန်းသိမ်းကာကွယ်၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ကောက်နုတ်ထားပါသည်။

အမွေအနှစ်များကို ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းများကို ဟန်ချက်ညီစွာ လုပ်ဆောင်နိုင်ရန် လည်းကောင်း၊ နိုင်ငံတကာရှိ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ပါသည်။[2] ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေမှ အဓိကသိရှိရန်လိုအပ်သော အဓိပ္ပါယ်ဖွင့်ဆိုချက်အချို့ကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်–

**(က) ယဉ်ကျေးမှုအမွေအနှစ်။** သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ ရှေးဟောင်းသုတေသနအရဖြစ်စေ၊ အနုပညာလက်ရာမြောက်မှုအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ၊ ဘူမိဗေဒအရဖြစ်စေ၊ ဇီဝဗေဒအရဖြစ်စေ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းရန်လိုအပ်သည့် ရှေးဟောင်းနေရာ သို့မဟုတ် ရှေးဟောင်းအဆောက်အအုံကိုဆိုသည်။

**(ခ) အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်။** ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်ကိုဆိုသည်။

**(ဂ) ကမ္ဘာ့အမွေအနှစ်။** ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ကြေညာသည့် ၁၉၇၂ ခုနှစ်၊ ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်ဆိုင်ရာ ကွန်ဗင်းရှင်းအရ စာရင်းသွင်းသတ်မှတ်ထားသော ယဉ်ကျေးမှုအမွေအနှစ်ကိုဆိုသည်။

**(ဃ) ယဉ်ကျေးမှုအမွေအနှစ်ဒေသ။** ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသနှင့် ကြားခံဒေသကိုဆိုသည်။

[2] ကောင်းမွန်၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်လိုက်ပြီ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ထုတ် ကြေးမုံသတင်းမှ ကောက်နုတ်ထားပါသည်။

**(င)** **ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ။** ရှေးဟောင်း အဆောက်အအုံများဖြစ်စေ၊ ရှေးဟောင်းနေရာများအဖြစ် တည်ရှိပြီး ဥပဒေအရတိကျသတ်မှတ်စွာ ဖော်ပြထားသောဒေသကိုဆိုလိုပါသည်။

**(စ)** **ကြားခံဒေသ။** ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသကို ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ဥပဒေအရတိကျသတ်မှတ်ဖော်ပြထားသော ဒေသကိုဆိုလိုပါသည်။[3]

## ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းမှုစတင်ခြင်းနှင့် ကမ္ဘာ့အမွေအနှစ်ရွေးချယ်ရေး စံသတ်မှတ်ချက်များ

၈။ UNESCO သည် ၁၉၇၂ ခုနှစ်တွင် လူသားများအတွက် အဖိုးတန်သောနယ်မြေများနှင့် အထိမ်းအမှတ်နေရာများကို ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ရမည်ဟု သဘောတူညီချက်ဖြင့် ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ၁၉၇၂ ကွန်ဗင်းရှင်းကို ချမှတ်ဖွဲ့စည်းခဲ့ပါသည်။ ထိုကွန်ဗင်းရှင်းတွင် ယဉ်ကျေးမှုနှင့်သဘာဝအမွေအနှစ်များကို တည်တံ့စေရေးအတွက် ကမ္ဘာ့အမွေအနှစ်ရွေးချယ်ရေးဆိုင်ရာ စံချိန်/စံညွှန်း(၁၀)ချက် သတ်မှတ်ထားရှိရာ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းပါက ထိုစံချိန်/စံညွှန်းများထဲမှ အနည်းဆုံး (၂)ချက်နှင့်ကိုက်ညီရမည်ဖြစ်ပါသည်-

(က) လူသားတို့၏ ထူးခြားပြောင်မြောက်သော ဖန်တီးမှုလက်ရာအဖြစ် ကိုယ်စားပြုခြင်း၊

(ခ) လူ့တန်ဖိုးများကိုထုတ်ဖော်ပြသရန်၊ သက်တမ်းရင့်ခြင်း သို့မဟုတ် ကမ္ဘာ့ယဉ်ကျေးမှုနယ်မြေအတွင်းတည်ရှိခြင်း၊ ဗိသုကာလက်ရာ သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ အံ့မခန်းဖြစ်ခြင်း၊

(ဂ) ပြိုင်စံရှားဖြစ်ခြင်း၊ ရိုးရာယဉ်ကျေးမှု၏ပြယုဂ်အဖြစ် ယခုတိုင်တည်ရှိနေခြင်း သို့မဟုတ် တိမ်မြုပ်ပျောက်ကွယ်သွားသော မြို့ပြယဉ်ကျေးမှုတစ်ခုဖြစ်ခြင်း၊

---

[3] ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပြဋ္ဌာန်း၊ (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆။ ) (၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်) ၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှ ကောက်နုတ်ထားပါသည်။

(ဃ) လူ့ဘောင်သမိုင်းတွင် အရေးပါသော စံနမူနာပြအဆောက်အအုံ၊ ဗိသုကာလက်ရာ၊ နည်းပညာတို့ဖြင့် ပေါင်းစည်းထားသည့် အဆောက်အဦများနှင့် မြေယာရှုခင်း ပုံများအားဖော်ပြထားမှုရှိခြင်း၊

(င) လူသားအားလုံး အသိအမှတ်ပြုလက်ခံနိုင်သော သဘာဝတရားများနှင့် ပတ်ဝန်းကျင်၏တုံ့ပြန်မှု၊ ယဉ်ကျေးမှုကို ကိုယ်စားပြုသော ရေအသုံးပြုမှု၊ မြေအသုံးပြုမှု၊ အခြေချနေထိုင်မှုများ၏ ထင်ရှားသောသာဓကဖြစ်ခြင်း၊

(စ) တိတိကျကျ သို့မဟုတ် သေချာမှုရှိသည့် အထောက်အထားများပြနိုင်ပြီး ထူးခြားသော ရိုးရာဓလေ့များ၊ အတွေးအခေါ်များ၊ ယုံကြည်မှုများ၊ အနုပညာစာပေများ၏ လက်ရာများဖော်ပြနိုင်ခြင်း၊

(ဆ) အထင်ရှားဆုံးသောသဘာဝလွန်၊ သဘာဝအလှအပနယ်မြေဖြစ်ခြင်း၊

(ဇ) သက်ရှိများဖြစ်တည်မှု၊ မြေမျက်နှာသွင်ပြင်ဖြစ်ပေါ်မှုအတွက် ဘူမိဗေဒပြောင်းလဲမှုဖြစ်စဉ်များပါဝင်သော ကမ္ဘာမြေ၏သမိုင်းကြောင်းဆိုင်ရာ အဓိကဖြစ်ပေါ်ပြောင်းလဲမှုများကို ကိုယ်စားပြုထင်ရှားသည့် သာဓကဖြစ်ခြင်း၊

(ဈ) အပင်နှင့်သတ္တဝါများ၊ ကမ်းခြေနှင့်ပင်လယ်ပြင်ဂေဟစနစ်၊ သန့်ရှင်းသောရေ၊ ကုန်းမြေဖြစ်ပေါ်မှု၊ ဇီဝသက်ရှိဖြစ်ပေါ် တိုးတက်မှုများအတွက် ထင်ရှားသည့် သာဓကဖြစ်ခြင်း၊

(ည) သိပ္ပံနည်းပညာရှုထောင့် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ရှုထောင့်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာအတိုင်းအတာဖြင့်ထင်ရှားသော ခြိမ်းခြောက်ခံရသည့် မျိုးစိတ်များ (Endanger species) အပါအဝင် ဇီဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေအတွက် သဘာဝသက်ရှိတို့ တည်ရှိရာနေရာအတွက် အရေးကြီးဆုံးအဖြစ် ပါဝင်ခြင်း စသည်တို့ဖြစ်ပါသည်။

အထက်တွင် ဖော်ပြထားသည့် ကမ္ဘာ့အမွေအနှစ်ရွေးချယ်ရေးဆိုင်ရာ စံချိန်/စံညွှန်း (၁၀)ချက်တွင် (က) မှ (စ) အထိသည် ယဉ်ကျေးမှုအမွေ အနှစ်စာရင်းတင်သွင်းရေးနှင့် သက်ဆိုင်ပြီး (ဆ) မှ (ည) အထိသည် သဘာဝအမွေအနှစ်စာရင်းများနှင့်သက်ဆိုင်ပါသည်။[4]

## ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်များ

၉။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် သတ်မှတ်ထားသော လုပ်ငန်းစဉ်အဆင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် မိမိနိုင်ငံအတွင်းရှိ ကမ္ဘာလုံးဆိုင်ရာ ထင်ရှားထူးခြားသည့် တန်ဖိုးများရှိသောယဉ်ကျေးမှုနှင့် သဘာဝနယ်မြေများကို ပဏာမစာရင်းပြုစုရမည်ဖြစ်ပါသည်။

(ခ) အဖွဲ့ဝင်နိုင်ငံသည် ပဏာမစာရင်းထဲမှ အမွေအနှစ်စာရင်းသို့ နာမည်စာရင်းတင်သွင်းမည့် နယ်မြေများကိုရွေးချယ်ရပါမည်။

(ဂ) အဆိုပြုနာမည်တင်သွင်းသည့် စာရွက်စာတမ်းများအစုံအလင်ကို UNESCO ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးစင်တာသို့ပေးပို့ရပါမည်။ ထိုစာရွက်စာတမ်းများထဲတွင် နယ်မြေများကို စီမံအုပ်ချုပ်ထိန်းသိမ်းစောင့်ရှောက်မည့် နည်းလမ်းများကို အသေးစိတ်ရေးဆွဲဖော်ပြထားသည့် စီမံကိန်းလည်းပါဝင်ပါသည်။

(ဃ) UNESCO အမွေအနှစ်ထိန်းသိမ်းရေးစင်တာသည် စာရွက်စာတမ်းများ ပြည့်စုံမှုရှိ/မရှိ စစ်ဆေး၍ သဘာဝနယ်မြေများဖြစ်ပါက အကဲဖြတ် သုံးသပ်မှုပြုလုပ်ရန် နိုင်ငံတကာသဘာဝ ထိန်းသိမ်းစောက်ရှောက်ရေး (International Union for the Protection of Nature ) ထံပေးပို့၍ ယဉ်ကျေးမှုနယ်မြေများဖြစ်ပါက နိုင်ငံတကာ

[4] https://whc.unesco.org/en/criteria/ (ကြည့်ရှုသည့် ရက် ၂၀၁၉ ခုနှစ်၊ မတ်လ ၅ ရက်နေ့)

အထိမ်းအမှတ် အဆောက်အအုံနှင့်နေရာဒေသများကောင်စီ (ICOMOS – International Council on Monuments and Sites) ထံပေးပို့ရပါသည်။

(င) နိုင်ငံတကာသဘာဝ ထိန်းသိမ်းစောက်ရှောက်ရေးမှ ကျွမ်းကျင်ပညာရှင်များသည် နယ်မြေ၏ထိန်းသိမ်းစောင့်ရှောက်မှုနှင့် စီမံအုပ်ချုပ်မှုများကို အကဲဖြတ်သုံးသပ်နိုင်ရန် အဆိုပြုနယ်မြေများကို သွားရောက်ကွင်းဆင်းလေ့လာပါသည်။

(စ) နိုင်ငံတကာသဘာဝ ထိန်းသိမ်းစောက်ရှောက်ရေးသည် သဘာဝအမွေအနှစ်ဆိုင်ရာ စံနှုန်းများကိုအသုံးပြု၍ အဆိုပြုတင်သွင်းမှုများကို အကဲဖြတ်သုံးသပ်ပါသည်။

(ဆ) နိုင်ငံတကာသဘာဝ ထိန်းသိမ်းစောက်ရှောက်ရေးသည် အကဲဖြတ်သုံးသပ်သည့် အစီရင်ခံစာကိုရေးသားပြုစုပြီး အမွေအနှစ်ထိန်းသိမ်းရေးစင်တာသို့ တင်သွင်းရပါသည်။

(ဇ) အဖွဲ့ဝင်ကိုယ်စားလှယ်(၂၁)ဦးဖြင့် ဖွဲ့စည်းထားသော အမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီမှအပြီးသတ်ဆုံးဖြတ်ချက်ချရပါသည်။[5]

## မြန်မာနိုင်ငံမှ UNESCO အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ခြင်းနှင့်အဆိုပြုဒေသများ

၁၀။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဧပြီလတွင်(**UNESCO**) အဖွဲ့အစည်းသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် UNESCO ၏ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် ယဉ်ကျေးမှုအဆောက်အဦများကို ရေရှည်တည်တံ့ရန်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြင်ဆင်မွမ်းမံရေး အပြည်ပြည်ဆိုင်ရာ ဗဟိုဌာန (International Centre for the Study of the Preservation and Restoration of Cultural Property) သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ်တွင် UNESCO မှ သတ်မှတ်ပြဋ္ဌာန်းခဲ့သော ၁၉၇၂ ခုနှစ်၊ ကမ္ဘာ့ ပတ်ဝန်းကျင်နှင့် သဘာဝအမွေအနှစ်

[5] သုတရပ်ဝန်းကုမ္ပဏီမှ မြန်မာဘာသာပြန်ဆို၊ မြန်မာနိုင်ငံအံ့ဖွယ်သဘာဝနေရာ(၇)ခုကို ရှာဖွေဖော်ထုတ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင်ရှိသော ယူနက်စကို မြန်မာစီမံကိန်းရုံးမှ ၂၀၁၈ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပြီး စာမျက်နှာ-၈ မှ ကောက်နုတ်ရရှိပါသည်။

များဆိုင်ရာ ပဋိညာဉ်စာချုပ် ( Convention Concerning the Protection of World Culture and Natural Heritage –1972) တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။[6]

၁၁။ မြန်မာနိုင်ငံသည် ၁၉၉၆ ခုနှစ်တွင် ယဉ်ကျေးမှုအမွေအနှစ် အဆိုပြု(၈)နေရာ ဖြစ်သော ပျူမြို့ဟောင်း (၃) မြို့နှင့် မြောက်ဦး၊ ပြဒါးလင်းဂူ၊ အင်းလေးကန်၊ မင်းကွန်းဒေသ၊ မန္တလေး၊ အင်းဝ၊ ဟံသာဝတီတို့ကို အမွေအနှစ်စာရင်းများ (Tentative Lists) အဖြစ် အဆိုပြုလွှာ တင်သွင်းခဲ့ပြီး[7] ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်နှင့် ပုံတောင်ပရိုင်းမိတ်ဒေသများကို ထပ်မံထည့်သွင်းလိုက်သည့်အတွက် စုစုပေါင်းယဉ်ကျေးမှုဆိုင်ရာ အဆိုပြုနေရာ (၁၀) နေရာရှိပြီးဖြစ်ပါသည်။[8] အဆိုပြုလွှာစာရင်းဆိုသည်မှာ နိုင်ငံတော်အစိုးရမှ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသအဖြစ် မှတ်ပုံတင်ရန် သင့်လျော်သည်ဟု ဆုံးဖြတ်ထားသည့် အမွေအနှစ်ဒေသများ၏ အသေးစိတ်စာရင်းစစ်တမ်းဖြစ်ပါသည်။ ကမ္ဘာ့အမွေအနှစ်ဒေသစာရင်းအဖြစ် တင်သွင်းမည်ဆိုပါက အဆိုပြုလွှာစာရင်းကို (၁) နှစ်ကြိုတင်၍ ပဏာမစာရင်းဝင်ဒေသများအား တင်ပြရပါမည်။ [9]

## UNESCO နှင့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်အမျိုးအစားများ

၁၂။ UNESCO သည် ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်( World Heritage ) နှင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) ဟူ၍ နှစ်မျိုးသတ်မှတ်ထားပါသည်။ ကမ္ဘာ့အမွေအနှစ်ဆိုသည်မှာ နိုင်ငံအသီးသီးရှိ ယဉ်ကျေးမှုထွန်းကားသည့် သမိုင်းဝင်အမွေအနှစ်ဒေသများဖြစ်ပြီး ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ဆိုသည်မှာ စာကြည့်တိုက်၊ ပြတိုက်နှင့် မော်ကွန်းတိုက်ဆိုင်ရာ စုဆောင်းမှုများဖြစ်သော ကျောက်စာ၊ လက်ရေးစာ၊ တန်ဖိုးမဖြတ်နိုင်သော စာအုပ်များ၊

[6] ပုဂံဒေသ အမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကျင်းပ၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ကောက်နုတ်ထားပါသည်။

[7] မြန်မာနိုင်ငံရှိ ပျူရှေးမြို့ဟောင်းများဖြစ်သော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်၊ ၂၀၁၄ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းမှ ကောက်နုတ်ထားပါသည်။

[8] ပုဂံဒေသ အမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကျင်းပ၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ကောက်နုတ်ထားပါသည်။

[9] (မာလာအောင်၊ ယဉ်ကျေးမှု)၊ မြန်မာ့အမွေအနှစ်မှ ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တက်လှမ်းနိုင်ရေး ပူးပေါင်းပါဝင်ကြပါစို့၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ထုတ် MORAC– CultureNews မှ ကောက်နုတ်ထားပါသည်။

သတင်းစာများ၊ ဓာတ်ပုံနှင့် ပန်းချီကားများ၊ ဖလင်များ၊ အသံမှတ်တမ်းများ၊ ဗီဒီယိုအခွေများ၊ စာရွက်စာတမ်း အထောက်အထားများ စသည်တို့ဖြစ်ပါသည်။[10]

## မြန်မာနိုင်ငံ၏ ကမ္ဘာ့အမွေအနှစ် (World Heritage) စာရင်းဝင်များ

၁၃။ မြန်မာနိုင်ငံ၏ ကမ္ဘာ့အမွေအနှစ် (World Heritage) စာရင်းဝင်များမှာ–

(က) **ပျူမြို့ဟောင်းများ။** မြန်မာနိုင်ငံရှိ ရှေးပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် ၂၀၁၄ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့တွင် ကာတာနိုင်ငံ၊ ဒိုဟာမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီအစည်းအဝေးတွင် ပျူမြို့ဟောင်း(၃)မြို့အား ကမ္ဘာ့လုံးဆိုင်ရာ စံတန်ဖိုးမှ စံချိန်၊ စံညွှန်း သတ်မှတ်ချက် (၂) ၊ (၃) ၊ (၄) တို့နှင့် ကိုက်ညီမှုရှိပြီး ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရမှုသည် မြန်မာနိုင်ငံ၏ ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် ပထမဆုံးအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ခံရမှုဖြစ်ပါသည်။[11]

(ခ) **ပုဂံဒေသ။** ပုဂံဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီအရှေ့ဘက်ကမ်း၌ တည်ရှိပြီးစေတီပုထိုး ပေါင်းများစွာ၊ သမိုင်းဝင်အမွေအနှစ်များစွာတည်ရှိသည့် ဒေသတစ်ခုဖြစ်ပါသည်။ ၁၉၉၇ ခုနှစ်တွင် ပုဂံအား UNESCO စာရင်းဝင်ရန် ကြိုးပမ်းသော်လည်း ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသည် တိကျသော ဥပဒေမရှိခြင်း၊ တိကျသောဇုန်နယ်နိမိတ် သတ်မှတ်ထားမှုမရှိခြင်း၊ စနစ်တကျစီမံခန့်ခွဲမှုမရှိခြင်း စသည့်အချက်များကြောင့် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရန် တင်သွင်းခဲ့သည့် အဆိုပြုစာပယ်ချခံခဲ့ရပါသည်။ ထို့နောက် ၂၀၁၄ ခုနှစ်မှ စတင်၍ UNESCO စာရင်းဝင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို မှတ်တမ်းပြုစု၍ အဆိုပြုစာတွဲမူကြမ်း (Nomination Dossier Draft) ကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင်လည်းကောင်း၊

---

[10]မောင်သာ(ရှေးဟောင်းသုတေသန)၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြန်မာ့အမွေအနှစ်များ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းမှ ကောက်နုတ်ထားပါသည်။

[11] မြန်မာနိုင်ငံရှိ ပျူရှေးမြို့ဟောင်းများဖြစ်သော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်၊ ၂၀၁၄ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းမှ ကောက်နုတ်ထားပါသည်။

အဆိုပြုစာတွဲအပြည့်အစုံကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင်လည်းကောင်း ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အချိန်မီတင်ပြခဲ့ပြီး UNESCO စာရင်းဝင်ရန် ကြိုးပမ်းခဲ့ပါသည်။[12] ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှ ဇူလိုင်လ ၁၀ ရက်နေ့အထိ အဇာဘိုင်ဂျန်နိုင်ငံ၊ ဘာကူမြို့၌ ကျင်းပပြုလုပ်သည့် (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီအစည်းအဝေးတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုးမှ စံချိန်၊ စံညွှန်း သတ်မှတ်ချက် (၃)၊ (၄) ၊ (၆) တို့နှင့်ကိုက်ညီမှုရှိ၍ UNESCO စာရင်းဝင်အဖြစ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် သတ်မှတ်ခဲ့ပါသည်။ [13]

## မြန်မာနိုင်ငံ၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) စာရင်းဝင်များ

၁၄။ မြန်မာနိုင်ငံ၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်များ-

(က) **ကုသိုလ်တော်ဘုရားကျောက်စာ။** မန္တလေးတောင်ခြေရှိ မဟာလောကမာရဇိန် စေတီတော်ဝင်းအတွင်း စိုက်ထူထားသော ပိဋကတ်သုံးပုံကျောက်စာ ၇၂၉ ချပ်ကို ကမ္ဘာ့အကြီးဆုံး ပိဋကတ်သုံးပုံစာအုပ်ကြီးအဖြစ် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ခဲ့ပါသည်။

(ခ) **အလောင်းမင်းတရားကြီးဦးအောင်ဇေယျ၏ရွှေပေလွှာ။** အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ရွှေပေလွှာသည် မြန်မာနိုင်ငံ၏အမွေအနှစ်ဖြစ်သော်လည်း ဂျာမနီနိုင်ငံ၊ ဟန်နိုဗာမြို့တွင် ရောက်ရှိနေခြင်းဖြစ်ပြီး ထိုရွှေပေလွှာကို ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံတို့ UNESCO သို့ ပူးတွဲတင်သွင်းကာ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်ခဲ့ပါသည်။

---

[12] မာရီခိုင်၊ ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ဖို့ အလားအလာကောင်း၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့ထုတ် ကုမုဒြာသတင်းမှ ကောက်နုတ်ရရှိပါသည်။ {https://www.kumudranews.com/news-30486}

[13] ကောင်းမွန်၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်လိုက်ပြီ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှ ကောက်နုတ်ရရှိပါသည်။

**(ဂ) မြစေတီ(ရာဇကုမာရ်)ကျောက်စာ။** မြစေတီကျောက်စာသည် မြန်မာနိုင်ငံ၏ သမိုင်း၊ ဘာသာရေးနှင့် ယဉ်ကျေးမှုစာပေအထောက်အထားများဖြစ်ပြီး အေဒီ (၁၂) ရာစုတွင် ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါကျောက်စာကို ၁၈၈၆-၈၇ ခုနှစ် တွင် ပုဂံမြို့ဟောင်းမြင်းကပါးရွာ မြစေတီဘုရားအနီးတွင် တွေ့ရှိခဲ့သောကြောင့် မြစေတီကျောက်စာဟုလည်းကောင်း၊ ကုသိုလ်ရှင်ကိုအစွဲပြု၍ ရာဇကုမာရ် ကျောက်စာဟုလည်းကောင်း ခေါ်ဆိုခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင်ခဲ့ပါသည်။

**(ဃ) ဘုရင့်နောင်မင်းတရားကြီး၏ခေါင်းလောင်းစာ။** ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာသည် မြန်မာနိုင်ငံ၏ သမိုင်း၊ ဘာသာရေးနှင့်ယဉ်ကျေးမှုတို့အတွက် ထူးခြားထင်ရှားသည့် စာပေအထောက်အထားဖြစ်ပြီး အေဒီ(၁၆)ရာစုတွင် ရေးသားခဲ့ပြီး ကုသိုလ်ရှင်ဘုရင့်နောင်မင်းတရားကြီးကိုအစွဲပြု၍ ဘုရင့်နောင်မင်း တရားကြီးခေါင်းလောင်းစာဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ ထိုခေါင်းလောင်းစာကို ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ပါသည်။[14]

## မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန်ကြိုးပမ်းမှုများ

၁၅။ ရခိုင်ပြည်နယ်ရှိ မြောက်ဦးဒေသကို UNESCO ၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရန် ၂၀၁၈ ခုနှစ် နှစ်စပိုင်းကတည်းက စတင်ဆောင်ရွက်လျက်ရှိပါသည်။ နည်းပညာပိုင်းနှင့်ငွေကြေး လိုအပ်ချက်အချို့ကို တရုတ်နိုင်ငံမှပံ့ပိုးလျက်ရှိပြီး အီတလီသံအမတ်ကြီးမှလည်း နည်းပညာပိုင်း ဆိုင်ရာပံ့ပိုးမှုများကို ပေးအပ်မည်ဖြစ်ပါသည်။[15] မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရန် Management Plan ရေးဆွဲရန်အတွက် နီပေါနိုင်ငံသား တစ်ဦးနှင့်အိန္ဒိယနိုင်ငံသူ တစ်ဦးအား ၂၀၁၈ ခုနှစ်၊ ဇွန်လမှ ၂၀၁၉ ခုနှစ်၊ ဇွန်လအထိ နိုင်ငံတော်

[14] မောင်သာ(ရှေးဟောင်းသုတေသန)၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြန်မာ့အမွေအနှစ်များ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းမှ ကောက်နုတ်ထားပါသည်။

[15] သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်သူ့အတွက်တတိယ (၁)နှစ်တာ၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းမှကောက်နုတ် ထားပါသည်။

က တစ်နှစ်ငှားရမ်းခဲ့ပြီး တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၆၃၇၀ နှင့် ညီမျှသည့် မြန်မာငွေကျပ် ပေးအပ်ခဲ့ပါသည်။[16]

၁၆။ မြောက်ဦးဒေသတွင် ရှေးဟောင်းအမွေအနှစ် ဇုန် ၂ ခုရှိပြီး၊ အမွေအနှစ်အဆောက်အအုံ ပေါင်း ၁,၂၈၉ ခုရှိပါသည်။ မြောက်ဦးဒေသတွင် အခြားအမွေအနှစ်ဒေသများနှင့် မတူညီသည့် မြစ်၊ ချောင်း၊ ရေတွင်းရေကန်နှင့် ရေအိုင်များပါဝင်ပြီး ယင်းတို့သည့် ရှေးဟောင်းအမွေအနှစ်များ ဖြစ်ပါသည်။ မြောက်ဦးဒေသ ယဉ်ကျေးမှုဇုန်သည် ဧက ၂၃,၀၀၀ ကျော် ကျယ်ဝန်းပြီး လက်ရှိတွင် စီမံခန့်ခွဲမှုအပိုင်းရေးဆွဲခြင်းနှင့်အတူ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် ဌာနဆိုင်ရာ များနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြောက်ဦးဒေသအား UNESCO ဝင်ရန် ကြိုးပမ်းနေသော်လည်း ရခိုင်စစ်ပွဲများကြောင်း နှောင့်နှေးကြန့်ကြာမှုများရှိခဲ့ပါသည်။[17] အမွေအနှစ်စာရင်းကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမတိုင်မီ ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်သွင်းရမည်ဖြစ်ပါသည်။ ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း (၄၃)ကြိမ်မြောက် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ ကြပါသည်။[18]

၁၇။ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား UNESCO မှ သတ်မှတ်ထားသည့် စံချိန်/ စံနှုန်းများနှင့် ကိုက်ညီမှုရှိပါက (၄၅) ကြိမ်မြောက် ကမ္ဘော့အမွေအနှစ်ကော်မတီအစည်းအဝေး တွင် အတည်ပြုဆုံးဖြတ်ချက်ချမည်ဖြစ်ပါသည်။ မြောက်ဦးအမွေအနှစ်ဒေသသည် ကမ္ဘာ့အမွေ အနှစ်ရွေးချယ်ရေးဆိုင်ရာ စံသတ်မှတ်ချက် (၃) နှင့် (၄) တို့ဖြင့် ကိုက်ညီမှုရှိပြီး ကမ္ဘာ့အမွေအနှစ် ကော်မတီသို့ တင်သွင်းမည်ဖြစ်ပါသည်။[19]

[16] ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေး၊ ၂၀၁၉ ခုနှစ်၊ မေလ ၄ ရက်နေ့ထုတ် ကြေးမုံသတင်းမှ ကောက်နုတ်ထားပါသည်။

[17] ငြိမ်းချမ်း၊ မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေး မူကြမ်းတင်သွင်းရန် နောက်ဆုံးအစည်းအဝေးကျင်းပ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၇ နေ့ထုတ် ကြေးမုံသတင်းမှကောက်နုတ်ထားပါသည်။

[18] https://whc.unesco.org/en/news/2007 (ကြည့်ရှုသည့် ရက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့)

[19] ဇေယျ(ယဉ်ကျေးမှု)၊ မြောက်ဦးလှမ်းချီ–ကမ္ဘော့အမွေအနှစ်ဆီသို့၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းမှ ကောက်နုတ် ထားပါသည်။

## မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ထိန်းသိမ်းထားရှိသည့်ယဉ်ကျေးမှုအမွေ အနှစ်ဇုန်များ

၁၈။ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ထိန်းသိမ်းထားရှိသည့်ယဉ်ကျေးမှု အမွေ အနှစ်ဇုန်များ–

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အရေ အတွက် | ရှေးဟောင်းနေရာတည်ရှိရာဇုန်များ |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၁ | (၁) မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်ရှိ မိုင်းမော–ဝိန်းကျွမ်မြို့ဟောင်းနေရာ |
| ၂။ | ကယားပြည်နယ် | – | |
| ၃။ | ကရင်ပြည်နယ် | ၂ | (၁) ဘားအံမြို့နယ်ရှိ၊ ရသေ့ပျံဂူဒေသ<br>(၂) ဘားအံမြို့နယ်ရှိ၊ ကော့ဂွန်းဂူဒေသ |
| ၄။ | ချင်းပြည်နယ် | – | – |
| ၅။ | စစ်ကိုင်းတိုင်း ဒေသကြီး | ၁၆ | (၁) မြသိန်းတန်ဘုရား<br>(၂) မင်းကွန်းခေါင်းလောင်းကြီး<br>(၃) ပုထိုးတော်ကြီး<br>(၄)ခြသေ့်ကြီးနှစ်ကောင်(ပုထိုးတော်ကြီးအနီး)<br>(၅) စက်တော်ရာဘုရား<br>(၆) ပုံတော်စေတီ(မင်းကွန်း)<br>(၇) ဟန်လင်းစံပြကျေးရွာဒေသ<br>(၈) မြေထူးမြို့ဟောင်းဒေသ<br>(၉)အမြင့်ရွာဒေသနှင့်သုံးပန်းလှ(အနိမ့်)ရွာဒေသ<br>(၁၀) ပရိုင်းမိတ်နှင့်ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာကျစ်ချောင်(၇)ခု |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အရေအတွက် | ရှေးဟောင်းနေရာတည်ရှိရာဇုန်များ |
|---|---|---|---|
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | ၁ | (၁) ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ မြို့ဟောင်းကျေးရွာအုပ်စု၊ သာဂရမြို့ဟောင်းဒေသ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၂ | (၁) ကမ္ဘောဇသာဒီနန်းတော်ရာ<br>(၂) သရေခေတ္တရာမြို့ဟောင်းနှင့်ပတ်ဝန်းကျင် |
| ၈။ | မကွေးတိုင်းဒေသကြီး | ၂၇ | (၁) ဗိဿနိုးမြို့ဟောင်းဒေသ<br>(၂) စလေဒေသ<br>(၃) မြိုင်မြို့နယ်အတွင်းရှိ ပရိုင်းမိတ် ရှေးဟောင်းဒေသများ ကျစ်ချောင်(၂၅)ခု |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၁၄ | (၁) ပုဂံ-ညောင်ဦး<br>(၂)မဟာဝေယံဘုံသာဗားကရာကျောင်းတော်ကြီး<br>(၃)မဟာအတုလဝေယံအတုမရှိကျောင်းတော်ကြီး<br>(၄) ရွှေနန်းတော်ကျောင်း<br>(၅) နန်းမြေဘုံသာစံနန်းတော်ရာစန္ဒာမုနိဘုရား<br>(၆) မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား<br>(၇) တကောင်းမြို့ဟောင်းဒေသ<br>(၈) အင်းဝမြို့ဟောင်းဒေသ<br>(၉) မြင်စိုင်းမြို့ဟောင်းဒေသ<br>(၁၀) ပင်းယဒေသ<br>(၁၁) ပလိပ်ဒေသ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အရေ အတွက် | ရှေးဟောင်းနေရာတည်ရှိရာဇုန်များ |
|---|---|---|---|
| | | | (၁၂) ဝတီးမြို့ဟောင်းဒေသ<br>(၁၃)ပင်လယ်(မိုင်းမော)မြို့ဟောင်းဒေသ<br>(၁၄ ) တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား |
| ၁၀။ | မွန်ပြည်နယ် | ၂ | (၁) ကျိုက်ထီးရိုးဘုရား<br>(၂) ကျိုက်မရောမြို့နယ်ဒေသရှိ ခရုံဂူဒေသ |
| ၁၁။ | ရခိုင်ပြည်နယ် | ၃ | (၁) မြောက်ဦးမြို့ဟောင်းဒေသ<br>(၂) ဝေသာလီမြို့ဟောင်းဒေသ<br>(၃) ဓညဝတီမြို့ဟောင်းဒေသ |
| ၁၂။ | ရန်ကုန်တိုင်း ဒေသကြီး | ၁၆ | (၁)ဆူးလေစေတီတော်(ကျိုက်အသုတ်စေတီ) နှင့် ယင်းစေတီရှိရာပရိဝုဏ်<br>(၂)မောင်းတီးစေတီတော်နှင့် ယင်းစေတီရှိရာပရိဝုဏ်<br>(၃) ဗိုလ်တစ်ထောင်(ကျိုက်ဒေးအပ်) စေတီတော်နှင့် ယင်းစေတီရှိရာပရိဝုဏ်<br>(၄) ရွှေဘုန်းပွင့်စေတီတော်နှင့် ယင်းစေတီရှိရာပရိဝုဏ်<br>(၅) အတုလဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား နှင့်ယင်းစေတီရှိရာပရိဝုဏ်<br>(၆) ကျိုက္ကလို့စေတီတော်နှင့်ယင်းစေတီရှိရာပရိဝုဏ်<br>(၇) ရွှေတိဂုံစေတီတော်တည်ရှိရာနေရာ<br>(၈)ကျိုက်မှော်ဝန်းစေတီတော်တည်ရှိရာနေရာ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အရေ အတွက် | ရှေးဟောင်းနေရာတည်ရှိရာဇုန်များ |
|---|---|---|---|
| | | | (၉) ငါးထပ်ကြီးဘုရားတည်ရှိရာနေရာ<br>(၁၀) ခြောက်ထပ်ကြီးဘုရားတည်ရှိရာနေရာ<br>(၁၁)ကျိုက္ကလှဲ့စေတီတော်တည်ရှိရာနေရာ<br>(၁၂)ကျိုက်ဝိုင်းစေတီတော် တည်ရှိရာနေရာ<br>(၁၃) ကျိုက္ကစံစေတီတော် တည်ရှိရာနေရာ<br>(၁၄)ရွှေဆံတော်စေတီတော်တည်ရှိရာနေရာ<br>(၁၅) ကျိုက်ပါဒကြီးဆံတော်ရှင် စေတီတော် တည်ရှိရာနေရာ<br>(၁၆) ကျိုက်ခေါက်စေတီတော် တည်ရှိရာနေရာ |
| ၁၃။ | ရှမ်းပြည်နယ် | ၁ | (၁) ပြဒါးလင်းဂူဒေသ |
| ၁၄။ | ဧရာဝတီတိုင်း ဒေသကြီး | ၁ | (၁) မြောင်းမြမြို့ဟောင်းဒေသ[20] |
| စုစုပေါင်း | | ၈၆ ခု | |

## UNESCO မှ အသိမှတ်ပြုခံရပါက ရရှိမည့်အကျိုးကျေးဇူးများ

၁၉။ UNESCO မှ အသိမှတ်ပြုခံရပါက ရရှိမည့်အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာမှသိရှိလာနိုင်ခြင်း၊

(ခ) ကမ္ဘာ့အဆင့်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှု ရရှိလာနိုင်ခြင်း၊

(ဂ) ကမ္ဘာ့အမွေအနှစ်ဖြစ်ပေါ်လာသည့်အတွက် နိုင်ငံတကာမှ စိတ်ဝင်စားလာခြင်း၊

[20] http://www.culture.gov.mm/Minister_Office_mm/Organization_mm/default.asp(access date 2019-August 2)

(ဃ) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများရရှိလာခြင်း၊

(င) နည်းပညာနှင့်ငွေကြေးအထောက်အပံ့များ ရရှိလာနိုင်ခြင်း၊

(စ) ဒေသခံပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာခြင်းနှင့် လူနေမှုဘဝပိုမိုမြင့်မားလာစေခြင်း၊

(ဆ) ဒေသခံပြည်သူများသည်လည်း နိုင်ငံတကာနှင့် ယှဉ်၍အသိဉာဏ်ပွင့်လင်းလာမှုနှင့် အတူ ဗဟုသုတများဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊

(ဇ) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးခြင်းနှင့် ပြည်တွင်း/ပြည်ပ ခရီးသွားများစွာ ဝင်ရောက်လာခြင်းကြောင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာပြီး ဒေသခံများ၏ဝင်ငွေပိုမို ကောင်းမွန်လာခြင်း၊

(ဈ) ရုတ်တရက် အန္တရာယ်ကျရောက်လာပါက အမွေအနှစ်ဒေသများအား အမြင့်ဆုံး ကာကွယ်စောင့်ရှောက် ထိန်းသိမ်းရမည့်အပြင် စစ်မဲ့ဇုန်အဖြစ်ကြေညာပေးရန်၊

(ည) အရေးပေါ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အထောက်အပံ့များ ရရှိခြင်း၊

(ဋ) ဒေသအတွင်းရှိ ရိုးရာလက်မှုပညာများကို ကမ္ဘာမှသိရှိလာနိုင်ခြင်း၊

(ဌ) ကမ္ဘာ့အမွေအနှစ်ဒေသအား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် စနစ်တကျစီမံနိုင်ခြင်း။[21]

## UNESCO စာရင်းဝင်သော်လည်း အခက်အခဲများနှင့်စိန်ခေါ်မှုများ

၂၀။ ပုဂံဒေသအား UNESCO စာရင်းဝင်သော်လည်း အခက်အခဲများနှင့်စိန်ခေါ်မှုများ–

(က) လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်အတူ ကမ္ဘာ့အမွေအနှစ်၏ တန်ဖိုးများကို စဉ်ဆက်မပြတ်ကာကွယ်စောင့်ရှောက်ထိန်းသိမ်းနေမှုသည် အလွန်အရေးကြီးလှပါသည်။

---

[21] အမွေအနှစ်ထိန်းသိမ်းရေး၊ ကျွမ်းကျင်ပညာရှင်များ၏ ပြောကြားချက်များကောက်နုတ်ထားပါသည်–(DVB Debate)

(ခ) လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံ ဆောက်လုပ်ရာတွင် အလွန်စနစ်ကျသော စီမံခန့်ခွဲမှုအဖွဲ့များဖြင့် လုပ်ငန်းစဉ်များပြုလုပ်ရန် လိုအပ်လာပါသည်။

(ဂ) ယဉ်ကျေးမှုဇုန်နယ်မြေအတွင်းရှိနေသော ဟိုတယ်များ၊ မိုတယ်များနှင့် ခေတ်သစ်အဆောက်အအုံများအား တိကျသောပြန်လည်နေရာချထားမှု အစီအစဉ်များအတွက် စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ၎င်းကိစ္စများ အဆင်ပြေချောမွေ့နေမှုသည် ဒေသအတွက်လည်း အရေးကြီးလှပါသည်။

(ဃ) ကမ္ဘာ့အမွေအနှစ်စာရင်းဝင်မှုနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ကမ္ဘာလှည့်ခရီးသွားကိစ္စရပ်များ အသေးစိတ်အစီအစဉ်များပေါ်တွင် ဒေသခံများအတွက် ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ပါသည်။

(င) လျှောင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များနှင့် လူသားများကြောင့် ပျက်စီးမှုများလျော့ကျသွားရန်လည်း လိုအပ်ပါသည်။

(စ) ကမ္ဘာ့အမွေအနှစ်စာရင်းရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်မှုများအတွက် စီမံခန့်ခွဲမှုဆိုင်ရာ နောက်ဆက်တွဲဂယက်များစွာ ရှိနေဆဲဖြစ်ပါသည်။

## နိုင်ငံအချို့၏ UNESCO စာရင်းဝင်များ

၂၁။ UNESCO အဖွဲ့ကြီးသည် နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှ ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်အဖြစ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအထိ သဘာဝအမွေအနှစ်ဒေသ ၂၀၉ နေရာ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသ ၈၄၅ နေရာ၊ သဘာဝနှင့်ယဉ်ကျေးမှု အမွေအနှစ်ဒေသ ၃၈ နေရာ၊ စုစုပေါင်း ၁၀၉၂ နေရာတို့အား သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ **UNESCO** စာရင်းဝင်ထိပ်တန်းကမ္ဘာ့အမွေအနှစ်ဒေသများ ပေါကြွယ်ဝဆုံးသောနိုင်ငံများအဖြစ်– အီတလီ၊ တရုတ်၊ စပိန်၊ ဂျာမနီ၊ ပြင်သစ်၊ အိန္ဒိယ၊ မက္ကဆီကို၊ UK နှင့်မြောက်အိုင်ယာလန်၊ ရုရှား၊ အမေရိကန်

စသည့်နိုင်ငံများဖြစ်ကြပါသည်။[22] ၎င်းကမ္ဘာ့အမွေအနှစ် စာရင်းဝင်များထဲမှ UNESCO စာရင်းဝင်ခဲ့သော ထင်ရှားသည့် ကမ္ဘာ့အမွေအနှစ်အချို့အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) **အန်ကောဝပ် ဘုရားကျောင်း (Angkor Wat- Cambodia)။** အန်ကောဝပ် ဘုရားကျောင်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးဘာသာရေးအဆောက်အအုံဖြစ်ပြီး ကြီးမားသော ကျောက်တုံးများဖြင့် တည်ဆောက်ထားသည့် ပုထိုးများမြို့တော်ဟုလည်း ခေါ်ဝေါ်ကြပါသည်။ ခမာအင်ပါယာ ဘုရင်ဆူရာဝါမန် နန်းစိုက်ရာမြို့တော် အန်ကောဝပ်ကို ၁၂ ရာစု အစောပိုင်းတွင် ဟိန္ဒူဘုရားကျောင်း အဖြစ်သတ်မှတ်ခဲ့ပြီး နှောင်းပိုင်းတွင် ဗုဒ္ဓဘာသာဆိုင်ရာပုထိုးတစ်ခုအဖြစ် ပြောင်းလဲခဲ့ပါသည်။ အန်ကောဝပ်သည် ခမာတို့၏အကောင်းဆုံး ဗိသုကာလက်ရာဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ အမှတ်လက္ခဏာ တစ်ခုလည်းဖြစ်ပါသည်။ အဆိုပါ အန်ကောဝပ်ကျောင်းကြီးကို ၁၉၉၂ ခုနှစ်တွင် UNESCO ၏ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပါသည်။

(ခ) **တာ့ဂျ်မဟာ(Taj Mahal- India)။** မဂိုအင်ပါယာဘုရင်ရှားဂျာဟန်သည် ဇနီးဖြစ်သူ၏ ဂူဗိမာန်သချိုင်းကို ၁၆၃၂ ခုနှစ်မှ ၁၆၅၃ ခုနှစ်ကြားတွင် တည်ဆောက်၍ **တာ့ဂျ်မဟာဟု** အမည်တွင်ခဲ့ပါသည်။ ဂူဗိမာန်ပေါ်တွင်တည်ရှိသည့် ဖြူဖွေးနေသည့် ကျောက်များ၏ အမိုးခုံးသည် အိန္ဒိယနိုင်ငံ၏ အထင်ရှားဆုံးသော အထင်ကရ အမှတ်လက္ခဏာဖြစ်ပြီး အဆိုပါတာ့ဂျ်မဟာကြီးအား ၁၉၈၃ ခုနှစ်တွင် UNESCO ၏ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပါသည်။

(ဂ) **မဟာတံတိုင်း (Great Wall-China) ။** မဟာတံတိုင်းကြီးကို လူအင်အားများစွာ၏ လုပ်အားဖြင့် ၁၄ ရာစုတွင် တည်ဆောက်ခဲ့ပြီး အာကာသမှကြည့်လျှင်ပင် သာမန်မျက်လုံးဖြင့် မြင်နိုင်သည်ဟုဆိုထားပါသည်။ ထိုတံတိုင်းကြီးကို တရုတ်

---

22 https://ourplnt.com/top-20-countries-number-unesco-world-heritage-sites/#axzz62gVDQvUI (ကြည့်ရှုသည့်ရက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့)

အင်ပါယာ၏ မြောက်ပိုင်းနယ်နိမိတ်တွင် အခြေတကျနေထိုင်ခြင်းမရှိသည့် မျိုးနွယ်စုများ၏ တိုက်ခိုက်ခြင်းအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာပေါ်တွင် အထင်ရှားဆုံးသောတံတိုင်းကြီးဖြစ်ပါသည်။ အဆိုပါ မဟာတံတိုင်းကြီးကို ၁၉၈၇ ခုနှစ် တွင် UNESCO မှ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။[23]

## နိဂုံး

၂၂။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များပေါကြွယ်ဝသည့် နိုင်ငံဖြစ်သကဲ့သို့ အဆိုပါ ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့ရန်အတွက် နိုင်ငံသားများအနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိပါသည်။ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်တည်း၏အား၊ အဖွဲ့အစည်းတစ်ခုတည်း၏အားဖြင့် မစွမ်းဆောင်နိုင်သောကြောင့် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များအတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသဆိုင်ရာ အချက်အလက်များအား လေ့လာရာတွင် တစ်စိတ်တစ်ပိုင်း အထောက်အကူဖြစ်စေရန် ဤစာတမ်းတိုကို ရေးသားပြုစုရခြင်းဖြစ်ပါသည်။

**သုတေသနဌာန**
**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်ကြည်ဦး (ဒုတိယဦးစီးမှူး) က တာဝန်ယူရေးသားထားပြီး သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

[23] မောင်သာ(ရှေးဟောင်းသုတေသန) ထူးခြားသော ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လထုတ် သုသအလင်း မဂ္ဂဇင်း၊ အမှတ်စဉ် ၃၉ ထုတ်မှကောက်နုတ်ထားပါသည်။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။